# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## မြန်မာနိုင်ငံအစားအသောက်နှင့်ဆေးဝါးအာဏာပိုင်အဖွဲ့

### အမိန့်အမှတ် ၁ /၂၀၂၄

### ၁၃၈၅ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၉ ရက်

### (၂၀၂၄ ခုနှစ်၊ မတ်လ ၄ ရက်)

မြန်မာနိုင်ငံအစားအသောက်နှင့်ဆေးဝါးအာဏာပိုင်အဖွဲ့သည် အမျိုးသားအစားအသောက် ဥပဒေပုဒ်မ ၃၈ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကို ထုတ်ပြန်လိုက်သည်။

**အမိန့်ကြော်ငြာစာအမှတ် ၅၂၄/၂၀၂၁ အရ ထိန်းချုပ်အစားအသောက်ဖြစ်သည့် အမှတ်တံဆိပ်ပါ ဘူးသွင်းသောက်ရေသန့်ဖြစ်စေ၊ အမှတ်တံဆိပ်ပါ စားသုံးဆီဖြစ်စေ ထုတ်လုပ်သူလိုက်နာရန်အမိန့်**

ထိန်းချုပ်အစားအသောက်ဖြစ်သည့် အမှတ်တံဆိပ်ပါ ဘူးသွင်းသောက်ရေသန့်ဖြစ်စေ၊ အမှတ်တံဆိပ်ပါ စားသုံးဆီဖြစ်စေ ထုတ်လုပ်သူသည် -

(၁) ဤအမိန့်ထွက်ရှိသည့်နေ့မှစ၍ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနတွင် အစားအသောက်ထုတ်လုပ်ခြင်းထောက်ခံချက် လျှောက်ထားရယူပြီးမှသာ သက်ဆိုင်ရာ အစိုးရဌာန သို့မဟုတ် အဖွဲ့အစည်းသို့ လိုင်စင်လျှောက်ထားခြင်းများ ဆောင်ရွက်ရမည်။

(၂) သက်ဆိုင်ရာအစိုးရဌာန သို့မဟုတ် အဖွဲ့အစည်းထံမှ လိုင်စင်ရရှိထားသော်လည်း အစားအသောက်ထုတ်လုပ်ခြင်းထောက်ခံချက် မရရှိထားပါက ၂၀၂၄ ခုနှစ်၊ ဧပြီလ (၁) ရက်နေ့ထက်နောက်မကျစေဘဲ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနတွင် အစားအသောက်ထုတ်လုပ်ခြင်းထောက်ခံချက် လျှောက်ထားရယူရမည်။

(၃) ယင်းထောက်ခံချက်ကို လိုင်စင်ထုတ်ပေးသည့် သက်ဆိုင်ရာအစိုးရဌာန သို့မဟုတ် အဖွဲ့အစည်းသို့ တင်ပြခြင်း၊ လိုင်စင်သက်တမ်းတိုးခြင်းနှင့် လိုင်စင်အသစ်ပြုလုပ်ခြင်းတို့နှင့်စပ်လျဉ်း၍ ယင်းသက်ဆိုင်ရာအစိုးရဌာန သို့မဟုတ် အဖွဲ့အစည်း၏ ညွှန်ကြားချက်နှင့်အညီ ဆောင်ရွက်ရမည်။

ဒေါက်တာသက်ခိုင်ဝင်း

ဥက္ကဋ္ဌ

မြန်မာနိုင်ငံအစားအသောက်နှင့်ဆေးဝါးအာဏာပိုင်အဖွဲ့

စာအမှတ်၊ ၄ မခ (လ) ၂၀၂၄/၃၄၁၈

ရက်စွဲ၊ ၂၀၂၄ ခုနှစ်၊ မတ်လ ၄ ရက်

**ဖြန့်ဝေခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး

ပြည်ထောင်စုအစိုးရအဖွဲ့ရုံး

ပြည်ထောင်စုလွှတ်တော်ရုံး

ပြည်သူ့လွှတ်တော်ရုံး

အမျိုးသားလွှတ်တော်ရုံး

ပြည်ထောင်စုတရားလွှတ်တော်ချုပ်

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး

ပြည်ထောင်စုဝန်ကြီးဌာနအားလုံး------------------------------------------------- ဌာန

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

ပြည်ထောင်စုရာထူးဝန်အဖွဲ့

နေပြည်တော်ကောင်စီ

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့အားလုံး

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး

နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ညွှန်ကြားရေးမှူးချုပ်၊ }
ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန } (မြန်မာနိုင်ငံပြန်တမ်းတွင်ထည့်သွင်းကြေညာပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။)

ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနအားလုံး

ကျန်းမာရေးဝန်ကြီးဌာနနှင့် ဆက်နွယ်ဆောင်ရွက်နေသော အသင်း/ အဖွဲ့များအားလုံး

တိုင်းဒေသကြီး/ ပြည်နယ်အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှူးများအားလုံး

ဥက္ကဋ္ဌ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်

(ညီနောင်အသင်းများထံ ထပ်မံဖြန့်ဝေပေးပါရန် မေတ္တာရပ်ခံချက်ဖြင့် ပေးပို့အပ်ပါသည်)

အမိန့်အရ

ဒေါက်တာအေးထွန်း

ဒုတိယဥက္ကဋ္ဌ

မြန်မာနိုင်ငံအစားအသောက်နှင့်ဆေးဝါးအာဏာပိုင်အဖွဲ့